# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၉ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၃၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၃၀ ။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၂) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၉.၅၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက်အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေဇာတ်မှ၃၀နဲ့ နည်းဥပဒေ၁၁နည်းဥပဒေခွဲ (က)နဲ့ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်း နဲ့ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။

(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေ ခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန် ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်းခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ် ။ ကျွန်တော် တို့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ၏ ဇနီး ဒေါ်ခင်ဝင်းမူသည် သွေးတိုးရောဂါ နှင့် နှလုံးသွေးကြောကျဉ်းရောဂါများရှိ ရာမှ ၄-၃-၂၀၁၁ ရက်နေ့ ၁၂း၀၀ နာရီတွင် ရုတ်တရက် နှလုံး သွေးကြောပိတ် သတိလစ်ပြီး ကော့ကရိတ်ဆေးရုံသို့ အ ရေးပေါ်အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသခံခဲ့ရပါတယ် ။ ဆေးရုံတွင် အထူးစိုး ရိမ်ဖွယ်ရာစာရင်းတင်၍ ကုသခံလျက်ရှိသော်လည်း အခြေအနေ ယနေ့ထိ တိုးတက်လာမှုမရှိခဲ့ပါ။ ဒါကြောင့် လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း အနေနဲ့ ဇနီးသည်အား ပြုစုရန်နှင့် ဆေးကုသမှုအား အနီးကပ်ပြုစု စောင့်ကြပ်ဖြည့်ဆည်းပေးရန်အတွက် ၉-၃-၂၀၁၁ မှ ၁၁-၃-၂၀၁၁ထိ ခွင့်(၃)ရက်ပေးပါရန် လျှောက်ထားပါတယ်။ ဇနီးသည် အခြေအနေတိုးတက်ကောင်းမွန်ပြီး စိုးရိမ်ဖွယ်ရာစာရင်းမှ ပ ယ်ဖျက်ရပါက လွှတ်တော် အစည်းအဝေးများသို့ အမြန်ပြန်လည် တက်ရောက်မည်ဖြစ်ပါကြောင်း ဦးအောင်မြင့်သိန်းကိုယ်စား ကျွန်တော် ဦးကံညွန့်မှ လျှောက်ထားတင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသ ား လွှတ်တော် ကိုယ်စားလှယ် ဦး အောင်မြင့်သိန်း အတွက် ၉-၃-၂၀၁၁ မှ ၁၁-၃-၂၀၁၁ထိ ခွင့် (၃)ရက်ကို ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကံညွန့်မှ တင်ပြသွားပါတယ် ။

ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့ အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က ခွင့် ပြု ကြောင်း ကြေညာပါတယ်။( သြဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုတက်ရောက်ခွင့်ရှိတဲ့အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါ င်း ခွင့်ပန်ကြား ၍ ခွင့်ပြုထား သူတစ်ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

## တယ်လီဖုန်းဆက်သွယ်ရေးစနစ်နှင့်စပ်လျဥ်းသည့်မေးခွန်း

**အချိန်။ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော

မေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ ယနေ့ မေးမြန်းထားတဲ့ မေးခွန်းတွေကို ဖြေကြားရမယ့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်ဟာ ဝန်ကြီး ၊ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာန တစ်ဦးတည်းဖြစ်တဲ့အတွက်မေးခွန်းအားလုံးကို မေးမြန်းပြီးတဲ့ အချိန်ကျမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်က ဖြေကြားဖို့ ဖြစ်ပါတယ်။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက တယ်လီဖုန်း ဆက်သွယ်ရေးစနစ်နှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာမြတ်ဉာဏစိုး ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျား ။ ပြည်ထောင်စုအဆင့် အစိုးရဝန်ကြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်ကိုလည်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ။ ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်းကတော့ အခုကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတော်ကြီးဟာ မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဖြတ်သန်းပြီးတော့ဆောင်ရွက်လာတာဟာအခုဆိုရင် အဆင့်(၆)ကို ရောက်နေပါပြီ။ကမ္ဘာ့အလယ်မှာ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ်ကိုထည်ဝါဝင့်ကြွားစွာဖြင့် ပေါ်ထွန်းလာပါပြီ။ ဤကဲ့သို့ အမိမြန်မာနိုင်ငံတော်သစ်ရဲ့ ကောင်းမြတ်ခြင်းအတိမ့်ွန်းထုံတဲ့ မင်္ဂလာကျက်သရေဆောင်အချိန်အခါမှာ နိုင်ငံတော်ရဲ့ ဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတကာနှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး၊ အဆင့်မီဆောင်ရွက်နိုင်စေရေးတို့အတွက် တယ်လီဖုန်းစနစ် နဲ့ပတ်သက်တဲ့ မေးခွန်းတစ်ရပ်ကို အများပြည်သူအကျိုးငှာအပြုသဘော မေးမြန်းခွင့်ပြုရန် လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်။ လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာခေတ်စနစ်နှင့်အညီ ဆက်သွယ်ရေးကွန်ယက်တွေ ၊ဆက်သွယ်ရေးနည်းပညာတွေဟာ နိုင်ငံတကာ အဆင့်မီ တိုးတက်နေတာ ကိုဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပါတယ်။ အဓိက ကျွန်တော်မေးမြန်းလိုတာကတော့ ကြိုးမဲ့တယ်လီဖုန်းဆက်သွယ်ရေးစနစ်နဲ့ ပတ်သက်ပြီးတော့ ဖြစ် ပါတယ် ။ မြန်မာနိုင်ငံမှာ လက်ရှိသုံးစွဲနေတဲ့ ကြိုးမဲ့တယ်လီဖုန်း ဆက်သွယ်ရေးစနစ်မှာဆိုရင် GSM(Mobile) ၊ CDMA 800MH$_z$ ၊CDMA 450 MH$_z$၊ Mc Will စသည့် နည်းပညာအခြေခံများ ကွဲပြားခြားနား နေတဲ့ ကွန်ယက်တွေ အသုံးပြုနေသော်လည်း အဓိကအားဖြင့် ဒီဖုန်းတွေမှာSIM Card ကိုပဲ အခြေခံပြီးတော့ အသုံးပြုနေရခြင်းဖြစ်ပါသည်။အဲဒီအခါကျတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ

ဥပဒေအခန်း (၁) ပုဒ်မ ၃၅ ၊ ၃၆တို့မှာလည်း အတိ အလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဂ)မှာဆိုရင် အများပြည်သူတို့ရဲ့ နေထိုင်မှုအဆင့် အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေ့ရှု ဆောင်ရွက်မည်ဆိုတဲ့ အခြေခံမူလည်း ရှိပါတယ်။ အဲဒီ အတွက်ကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီလို ဆက်သွယ်ရေး စနစ်တွေကို တိုးမြှင့်ဖော်ဆောင်ပေးနေတာကိုလည်း ဝမ်းမြောက် ဝမ်းသာစွာ အင်မတန်ကျေးဇူး တင်ဖွယ်ရာ ကောင်းလောက်အောင် တွေ့ရှိရပါတယ်။ သို့ သော်လည်း ကျွန်တော်တို့ နိုင်ငံတ ကာမှာရှိတဲ့ နိုင်ငံတွေမှာ လေ့လာတဲ့အခါမှာကျတော့ ကနဦးတပ်ဆင်ခဆိုတဲ့ ဖုန်းတစ်လုံးကို စတင် အသုံးပြုရင် ပေးသွင်းရတဲ့ငွေကြေးပမာဏကိုပေးသွင်းရခြင်းမရှိဘဲနဲ့ ကြိုတင်ငွေဖြည့်ကတ်တွေ ကို ဝယ်ပြီးတော့ပဲ လွယ်လင့်တကူ သုံးစွဲ လို့ရပါတယ်။ အ ခု ကျွန်တော်တို့ တိုင်းပြည်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့ နိုင်ငံတော်ကနေ ဆက်သွယ်ရေးကဏ္ဍမှာ အများကြီးရင်းနှီး မြှုပ်နှံပြီးတော့ အကုန်အကျခံ ထားရတယ်ဆိုတာကို ကျွန်တော်တို့ ကျေး ဇူးတင် စွာနဲ့ပဲ သိရှိပါတယ်။ ဒီဆက်သွယ်ရေးတာဝါတိုင်တွေ ၊ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံ တွေ ဒါတွေအတွက် ကနဦးတပ်ဆင်ခများ ကို ကောက်ခံခြင်းလို့ နားလည်ပါတယ်။ ယခုကလည်း ငွေကျပ် တစ်ဆယ့်ငါးသိန်းကနေ ငါးသိန်း တော့ ကျလာပါပြီ ။ သို့သော် ငါးသိန်းက နေပြီးတော့ သုံးသိန်း၊ သုံးသိန်း မှတဆင့်တစ်သိန်း ဒီလိုဆိုရင် လူတန်းစေ့ တယ်လီဖုန်း ဆက်သွယ်ရေး စနစ်ကိုသုံးစွဲနိုင်ပြီးတော့ ပိုမိုပြီးတော့ အကျိုးဖြစ်ထွန်းလာမယ်လို့ ထင်ပါတယ်။ မကြာမတင် သော ကာလတစ်ခုမှာတော့ ကနဦး တပ်ဆင်ခပေးသွင်းခြင်း လုံးဝပေးဆောင်စရာ မလိုတော့ဘဲ ကြိုတင် ငွေဖြည့်ကတ်ကိုသာ ဝယ်ရုံနဲ့ နံပါတ်ကို ပြောင်းလဲစရာမလိုဘဲနဲ့ သုံးစွဲရမယ့် စနစ်တစ်ခု ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့ ဆက်သွယ်ရေးဆိုင်ရာဥပဒေများအရ ဆက်သွယ်ရေးလုပ်ငန်းများကို နည်းပညာအားဖြင့် ပုဂ္ဂလိက ကဏ္ဍ သို့မဟုတ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI)(Foreign Direct Investment ) စနစ်များဖြင့်ဆောင်ရွက်ဖို့ရာ အခက်အခဲရှိမှာကိုလည်း ဝန်ကြီးဌာနအနေဖြင့် နားလည်ပါတယ်။ (The Myanmar Wireless Telegraph Act)ဆိုရင် ၁၉၃၃ခုနှစ်ထဲက ပြဋ္ဌာန်းထားတာ ဖြစ်ပါ တယ်။ကျွန်တော်တို့ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေဆိုရင်လည်း ဥပဒေ အမှတ် (၅/၂၀၀၄) ပြဋ္ဌာန်းထားတာတွေဟာ ပြင်ဆင်မှုများလိုရင်လည်း ဥ ပဒေပြုရေးအပိုင်း ဖြစ်တဲ့ လွှတ်တော် များနဲ့ ညှိနှိုင်းပြီး ပြန်လည်ပြင်ဆင်ပေးပြီးတော့ အဓိကအားဖြင့်တော့

နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ အညီ နိုင်ငံခြားမှ အတတ်ပညာနဲ့အရင်းအနှီးများ စီးဝင်လာဖို့ နိုင်ငံခြားဆက်သွယ်ရေး ကုမ္ပဏီကြီးများ ကိုပါဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် ကြိုးမဲ့တယ်လီဖုန်းစနစ် Mobile ဖုန်း ဆက်သွယ်ရေးစနစ်မှာ က နဦးတပ်ဆင်ခ ပေးသွင်း စရာမလိုတော့ဘဲနဲ့ ကြို တင် ငွေဖြည့်ကတ်ကိုသာ ဝယ်ယူခြင်းဖြင့် လွယ်လင့်တကူ သုံးစွဲဆောင်ရွက်ပေးနိုင်ဖို့အတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနမှဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိ ကို လေးနက်စွာဖြင့် မေးမြန်းအပ်ပါတယ်။ ဒီလို ကျွန်တော့်မေးခွန်းကို ပြည်သူတွေကိုယ်စား မေးမြန်းတဲ့မေးခွန်း တစ်ရပ်ကို အထူးပြု ဖြေကြားပေးတဲ့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနမှာန်ကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ် ။

**နိုင်ငံတော်တွင် သတင်းအချက်အလက်နည်းပညာကိုကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်မည့်အခြေအနေနှင့် စပ်လျဥ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစံထွန်းက နိုင်ငံတော်တွင်သတင်းအချက်အလက်နည်းပညာ ကိုကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်မည့် အခြေအနေနှင့်စပ်လျဥ်းသည့် မေးခွန်း ကို မေးမြန်းဖို့ဖြစ် ပါတယ် ။

**အချိန်၊ ၁၀း၄၆။**

**ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်း လိုတာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးကိုခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ဦးတည်ချီတက်ရာမှာ သတင်းအချက်အလက်နှင့်နည်းပညာဖွံ့ဖြိုးမှုကဏ္ဍဟာ အထူးအရေးပါ ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ လက်ရှိသတင်းအချက်အလက်နဲ့ နည်းပညာများ သုံးစွဲနိုင်မှု

အခြေအနေနှင့် ဆက်လက်ပြီး မြို့ပြနှင့်ကျေးလက်များပါကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ထန်တလန်မြို့နယ် ၏ အော်တိုတယ် လီဖုန်းကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း။**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ယခု ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃) မှ ဦးပေါလ်ထန်ထိုင်းက ထန်တလန်မြို့နယ်၏ တယ် လီဖုန်းကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ် ။

**အချိန်၊ ၁၀း၄၈။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှထန်တလန်မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ကျွန်တော်အနေနဲ့ထန်တလန်မြို့နယ်ရဲ့တယ်လီဖုန်းကိစ္စမေးမြန်းချင်ပါတယ်။ ကျွန်တော်တို့ ထန်တလန်မြို့နယ်ဟာ ချင်းပြည်နယ် ရဲ့ အိန္ဒိယနယ်စပ်မြို့နယ် ဖြစ်ပါတယ် ။ နိုင်ငံ တော်အစိုးရ အနေနဲ့ နယ်စွန်နယ် ဖျားဒေသများတိုင်အောင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရ တဲ့ အခြေ အနေမှာ လွန်ခဲ့တဲ့(၂)နှစ် ၂၀၀၉ မတ်လမှာ ကျွန်တော်တို့ မြို့နယ်အတွက် IP Star တယ်လီဖုန်း ကို လာရော က်တပ်ဆင်ပေးပါတယ်။ ဒါပေမယ့် ဒီဖုန်းဟာ မြို့တွင်း၌သာ ပြောလို့ရပြီး ရပ် ဝေး ဒေသ မြို့နယ်ခြား အခြားမြို့များကို ပြောလို့မရဘူး ။ ဆက်သွယ်လို့ မလွယ်ကူဘူး။ အဲဒါကြောင့် အများပြည်သူများအနေနဲ့ ဒီလိုတယ်လီဖုန်း ဆက်သွယ်တဲ့နေရာမှာ အခက် အခဲ အများကြီး ရှိပါတယ်။ အဲ ဒါကြောင့် ဒီဖုန်းကိစ္စက မြို့နယ်တစ်ခုတည်း ကိစ္စဖြစ်သော်လည်း သက်ဆိုင်ရာ လူကြီးတွေကို နှုတ်နဲ့သွားပြောလို့ရသော်လည်း ဒီလိုလွှတ်တော် မှာ ကျွန်တော်က မေးခွန်းနဲ့ မေးလို့ရှိရင် လူကြီးတွေက လုပ်ပေးမယ်လို့ မျှော်လင့်ချ က်ဖြင့် မေးမြန်းခြင်း ဖြစ်ပါတယ် ။ ပြည်သူများ၏ ဆန္ဒအရကတော့ IP Star အော်တိုဖုန်းကနေ Micro အော်တိုဖုန်းအထိ လဲလှယ်ပေးဖို့ ဆန္ဒရှိပါတယ် ။ ဒါကြောင့် IP Star အော်တိုတယ်လီဖုန်းကနေ Micro အော်တိုဖုန်း လဲလှယ်ပေးနိုင်မှုလားမေးချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တစ်ဆက်တည်းမေးလိုတာကတော့ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ မိုးရာသီမှာဆို လို့ရှိရင် သွားလာဖို့အခက်အခဲ အများကြီးရှိပါ တယ်။ မြေပြိုတာတို့ လမ်းပျက်တာတို့ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဖုန်းကို အသစ်လဲလှယ်

ပေးမယ်ဆိုရင် ရာသီဥတုကောင်းမွန်တဲ့ အချိန်နွေရာသီမှာ လာရောက်ပြီးတော့ သက်ဆိုင်ရာ လူကြီးတွေက ပြုပြင်ပေးမယ်ဆိုရင် အဆင်ပြေမယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် ဒီဖုန်းတွေကို အစားထိုး လဲလှယ်ပေးမယ်ဆိုလို့ရှိရင်လည်းပဲ ဒီ နွေရာသီကာလအတွင်းမှာ လာနိုင်မလား ဆိုတာ ကျွန်တော်သိချင်ပါတယ် ။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကဖြေကြားပေး ဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်(ဝန်ကြီး၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ယခုလိုစုံစုံညီညီနဲ့ တွေ့ရှိခွင့်ရတဲ့အတွက်အထူးပဲဝမ်းသာပါတယ်။ဒီနေ့ အမျိုးသားလွှတ်တော် မှာ ကျွန်တော်တို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ မေးခွန်းများကို ကျွန်တော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးသွားပါ မယ်။ ပထမဦးစွာ ရန်ကုန်တို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးရဲ့ မေးမြန်းတဲ့မေးခွန်းများကို ပထမဖြေကြားပေး သွားပါ မယ်။ မဖြေကြားခင်မှာမြန်မာနိုင်ငံရဲ့တယ်လီဖုန်းသုံးစွဲတပ်ဆင်မှုအခြေအနေလေးကိုအတိတ်နဲ့ပစ္စုပ္ပန် ကာလလေး အနည်းငယ်ယှဉ်ပြီးတော့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၈၈ ခုနှစ်မှာ တယ်လီဖုန်းအလုံးပေါင်း (၇၄,၈၅၅)လုံး ရှိခဲ့ပါတယ်။ ဒီကနေ့ လက်ရှိအခြေအနေမှာ အော်တို တယ်လီဖုန်းကြိုးနဲ့ ဆက်သွယ်တဲ့တယ်လီဖုန်း ဖြစ်ပါတယ်။ အော်တိုတယ်လီဖုန်းအနေနဲ့ (၁၀၉၀၃၂၃) လုံး တပ်ဆင်အသုံးပြုလျက် ရှိပါတယ် ။ ခုနတုံးက တင်ပြတဲ့ Moblie တယ်လီဖုန်း အနေနဲ့ (၂၁၁၀၄၂၇)လုံးစုစုပေါင်းသုံးသန်းတစ်သိန်းကိုးသောင်းကျော် တစ်နိုင်ငံလုံးတပ်ဆင်ပြီး အသုံးပြု နေပါတယ်။ Telephone Density အနေနဲ့ ပြောမယ် ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ တယ်လီဖုန်း Density ဟာ နည်းပါသေးတယ်။ (၅.၄%) ရှိပါတယ် ။ ရန်ကုန်မြို့မှာဆိုရင် (၃၀%) Density ရှိပါတယ်။မန္တလေးမြို့အနေနဲ့Telephone Density (၂၀%)ကျော်ရှိပါတယ် ။ သို့ရာတွင် ကျေးလက် ဒေသများတွင် Telephone Density နည်းပါးနေတာဖြစ်တဲ့အတွက် အလျင်အမြန်

ကျေးလက်ဒေသထိ ပြန့်နှံ့စေဖို့ဆိုတဲ့ စိတ်ဆန္ဒနဲ့ ကျွန်တော်တို့ ဒီနေ့နိုင်ငံတစ်ဝှမ်း CDMA 450 စနစ်နဲ့ Mobile တယ်လီဖုန်းစနစ်များ တပ်ဆင်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အချိန်အခါ မှာဆိုရင် မြန်မာနိုင်ငံ တစ်နံတစ်လျားလောက် နီးနီးကျွန်တော်တို့ Mobile တယ်လီဖုန်းစနစ် အားလုံးရောက်ရှိနေပြီးဖြစ်ပါတယ်။ မြို့တော်တော်များမှာလည်း အော်တိုတယ်လီဖုန်းစနစ် များ တပ်ဆင်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ခုနတုန်းက မေးမြန်းခဲ့သလို SIM Card စနစ် ဖြင့်သုံးစွဲတယ်ဆိုတာမှန်ပါတယ်။ မည်သည့် Mobile တယ်လီဖုန်းမဆို SIM Card စနစ်ကိုပဲ အခြေပြုပြီး တော့ သုံးစွဲထားတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီတယ်လီဖုန်းရဲ့ နည်းပညာတွေ နဲ့ ပတ် သက်လို့ တပ်ဆင်အသုံးပြုနိုင်မယ့် အခြေအနေတွေအားလုံးဟာ ကျွန်တော်တို့ဆီမှာ အသင့်ရှိပြီး ဖြစ် ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ ရင်းနှီး မြှုပ်နှံမှုတွေ ပြန်လည်ရရှိနိုင်ရေးအတွက် ခုနတုန်းကတင်ပြခဲ့သလိုပဲ လိုအပ်တဲ့ငွေကြေးပမာဏတွေကို ကောက်ခံ သွားပြီး ဆောင်ရွက်နေရတဲ့ အခြေအနေကို နားလည်သဘောပေါက်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ခုနတုန်းက ပြောတဲ့စနစ်တွေဟာ ကျွန်တော်တို့ ဝန်ကြီးဌာန ဆောင်ရွက်ရမယ့် ရည်မှန်းချက် တာဝန်များထဲမှာ ပ ါရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ဟာ ရည်မှန်း ချက် တာဝန် အောင်မြင်ဖို့အတွက် အဆင့်လိုက် ဆောင်ရွက်သွားမယ် ဆိုတဲ့ အခြေအနေကို ပြောကြားလိုပါတယ်။ ဒါ့အပြင် ဆက်သွယ်ရေးကဏ္ဍမှာ ပုဂ္ဂလိကနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အပြိုင်အဆိုင် ပါဝင်ဆောင်ရွက် ခွင့်နှင့်ပတ်သက်လို့လည်း လက်ရှိမြန်မာနိုင်ငံမှာ ဆက်သွယ်ရေးကဏ္ဍတွေကို ဆောင်ရွက်နိုင်ဖို့ဆိုပြီးတော့ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ထည့်ဝင်ငွေ ၄၀% နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ထည့်ဝင်ငွေ ၆၀% ပါဝင်တဲ့ အချိုးအစားနဲ့ဖွဲ့စည်း တည်ထောင်ပြီးတော့ နိုင်ငံတော်ရဲ့ ဆက်သွယ်ရေးဝန်ဆောင်မှု ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စတင်ဆောင်ရွက်လျက် ရှိတယ်လို့ ပြောကြားလိုပါတယ်။ဆက်လက်ပြီးတော့လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမယ်ဆိုတာ ပြောကြားလိုပါတယ်။ ဥပဒေများနှင့် ပတ်သက်ပြီးတော့လည်း ဆက်သွယ်ရေးဥပဒေဟာ ကျွန်တော်တို့ ရေးဆွဲပြီးဖြစ်ပါတယ်။ ဆက်လက် ပြီးတော့မှ အတည်ပြုပြဋ္ဌာန်းသွားနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်ဆိုတာ ဖြေကြားလိုပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ကျွန်တော် ဖြေကြားလိုပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း မေးမြန်းသွားတဲ့ အချက်ပဲ ဖြစ်ပါတယ် ။ ဒါနဲ့ပတ်သက်လို့ သတင်းအချက်အလက် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပတ်သက်ပြီးတော့ နိုင်ငံ တော်က ဆောင်ရွက်နေတဲ့အခြေအနေ လေးကို ပထမအနည်းငယ် ရှင်းလင်း တင်ပြလိုပါတယ် ။ ကျွန်တော်တို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဟာ မြန်မာနိုင်ငံရဲ့ သတင်းအချက်အလက်နဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက် အလက်နဲ့ နည်းပညာဌာနကို ၂၂ - ၆ -၂၀၀၆ ရက်နေ့မှာအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဖွဲ့စည်းခဲ့ပြီး ဒီကနေ့ ဒီကိစ္စရပ်တွေကို ဆောင်ရွက်နေပါတယ် ။ မြန်မာနိုင်ငံရဲ့ သတင်းအချက်အလက် နည်းပညာ နဲ့ပတ်သက်လို့ အင်တာနက်သုံးစွဲမှုတွေကို အနည်းငယ် ပြောကြားလိုပါတယ်။ ၁၉၈၈ ခုနှစ်မှာ မြန်မာနိုင်ငံတွ င် အင်တာနက်အသုံးပြုသူ မ ရှိပါဘူး။ ဆယ်နှစ်ကျော်ပြီးတဲ့နောက် ၁၉၉၈ ခုနှစ်မှာ တစ်နိုင်ငံလုံးမှာအင်တာနက်သုံးစွဲခဲ့သူ (၄)ဦး ပဲရှိပါ တယ်။ ၂၀၀၈ ခုနှစ် ဆယ်နှစ်ကျော်ကာလ မြန်မာနိုင်ငံမှာ အင်တာနက်သုံးစွဲသူ (၇၈၀၁၀)ဦး တိုးတက်လာခဲ့ပါတယ်။ ၂၀၀၉ခုနှစ်မှာ (၉၃၅၈၅)ဦး တိုးတက်လာခဲ့ပါတယ်။ ၂၀၁၀ခုနှစ်မှာ အင်တာနက်အသုံးပြုသူ(၁၅၁၃၉၀)ဦး ရှိခဲ့ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုသူ စုစုပေါင်း(၁၈၀၀၀၀)ကျော် ရှိတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပြည်သူတွေအနေနှင့် သတင်းအချက်အလက်တွေကို Mobile တယ်လီဖုန်းကနေတစ်ဆင့် ရယူသုံးစွဲနိုင်ဖို့ဆိုပြီးတော့ GSM မိုဘိုင်းတယ်လီဖုန်း စနစ်တွင် Enhanced Data Rates for GSM Evolution-EDGE စနစ် တပ်ဆင်ဖို့ အားလုံး စီမံဆောင်ရွက်ပြီး ဖြစ်နေပါပြီ ။ ဒုတိယ အနေဖြင့် ပြောမယ်ဆိုရင်လည်း CDMA-450MH$_Z$ ၊ CDMA-800 စနစ်များမှာ Evolution Data Optimize- EVDO စနစ်များ တပ်ဆင်အသုံးပြုနိုင်ဖို့အတွက် အားလုံးစီမံ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် မဝေး တော့တဲ့ ကာလမှာ ကျွန်တော်တို့ Mobile တယ်လီဖုန်းတွေမှာ Internet Access တွေကို ရယူသုံးစွဲသွားနိုင်မယ်လို့ ပြောကြားလိုပါတယ်။ ကြိုးမဲ့ ဆက်သွယ်ရေး စနစ်တစ်ခုဖြစ်တဲ့ McWill (Multi Carrier Wireless Internet Local Loop Broadband Wireless Access )စနစ်ကို ရန်ကုန်၊မန္တလေးမြို့ကြီးတွေနဲ့ နေပြည်တော်မှာ စတင်ပြီးတော့ စမ်းသပ်သုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာ ရှိတဲ့ ခန္တီး၊ ဟုမ္မလင်း၊ ကလေးဝ၊ ဗန်းမောက် စသည့်မြို့နယ်များမှာလည်း

စမ်းသပ် သုံးစွဲနေပြီ ဖြစ်ပါတယ်။ ဒီစနစ်ကို ကျေးလက်နှင့်မြို့ပြအားလုံး မှာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲသွားနိုင်ဖို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် တယ်လီဖုန်းကြိုးလိုင်းတွေပေါ်ကနေပြီး တော့ copper wire များပေါ်ကနေ ADSL ခေါ်တဲ့ Asymmetric Digital Subscriber Line စနစ်နဲ့ ဖိုင်ဘာကြိုးနဲ့ သွယ်တန်းပြီးတော့ အိမ်အရောက် သတင်းအချက်အလက်၊ ဖျော်ဖြေရေးနဲ့ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍများပါ သုံးစွဲနိုင်သော Triple Play စနစ်များ အသုံးပြုနိုင်တဲ့ FTTH , Fibre to The Home ဝန်ဆောင်မှု ပေးနိုင်ဖို့ကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ ကုမ္ပဏီ လီမိတက်တို့ စတင်ပူးပေါင်း ဆောင်ရွက်နေတဲ့ အခြေအနေ ဖြစ်ပါတယ်။ အထက်ပါ သတင်းအချက်အလက် ပို့ဆောင်ခြင်း၊ ရယူခြင်းလုပ်ငန်းများကို နိုင် ငံတော်အတွင်းမှာပင် ကျွန်တော်တို့ ပြည်သူတွေ စိတ်ချလက်ချ ယုံယုံကြည်ကြည် သုံးစွဲနိုင် ဖို့ရန်အတွက် Intranet စနစ်ကို တည်ဆောက်လျက် ရှိပါတယ်။ ဒီ Intranet စနစ်ကို ရတနာပုံ Web Portal မှ တဆင့် ရယူသုံးစွဲနိုင်ဖို့ စီမံဆောင်ရွက် သုံးစွဲသွားပြီ ဖြစ်ပါတယ်။ Intranet မှတစ်ဆင့် Internet ကိုသွားနိုင်ဖို့ကိုလည်း ချိတ်ဆက် ထားရှိပြီး ဖြစ်ပါတယ်။ ခုနက မေးမြန်းသွားတဲ့ ကိုယ်စားလှယ်တော်ကြီး မေးခွန်းကို ဒီလိုပဲ ဖြေကြားပေး ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် ထန်တလန်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးပေါလ်ထန်ထိုင်းရဲ့မေးခွန်းကိုဖြေကြားဖို့ဖြစ်ပါတယ်။ မှန်ပါတယ်။ ချင်းပြည်နယ် ထန်တလန်မြို့မှာ KY-1000 XM အမျိုးအစား အိတ်ချိန်း၊ လိုင်းအား ( ၃၃၀ )အိတ်ချိန်းကို ၂၈-၂-၂၀၀၉ရက်နေ့မှာ ကျွန်တော်တို့ ဖွင့်လှစ်ခဲ့ပါတယ်။ ချင်းပြည်နယ်ထန်တလန်မြို့ကို ပြောမယ်ဆိုရင် မိုက်ခရို လိုင်း သွယ် တန်း ဖို့ရာ လည်းကောင်း၊ ဖိုင်ဘာလို င်းသွယ်တန်းဖို့ရာ လည်းကောင်း အခက် အခဲ ရှိနေသေး တာကြောင့် ပြည်သူလူ ထုတွေ အလွယ်တကူနဲ့ မြန်မြန် ဆန်ဆန်လျင်လျင်မြန်မြန် ပြောဆိုနိုင်အောင် မှန်ကန်သော ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ စေတနာ အရင်းခံဖြစ်ပါတယ် ။ အဲဒီစေတနာ အရင်းခံနဲ့ချက်ချင်းပဲ ပြောဆိုနိုင်အောင် ဆိုပြီးတော့ ဂြိုလ်တု ဆက်သွယ်ရေးစနစ်နဲ့ ရန်ကုန် ကနေပြီးတော့ တယ်လီဖုန်းလိုင်း (၈)လိုင်းဖြင့် ချင်းပြည်နယ် ထန်တလန်မြို့ကိုပို့ပေးပါတယ်။ အဲဒီ တယ်လီဖုန်း နံပါတ်တွေကတော့ ၃၃၃၀၀၄၁ ကနေ ၃၃၃၇၅၉၃ထိ စုစုပေါင်း (၈)လိုင်းပေးခဲ့ပါတယ်။ အဲဒီ(၈)လိုင်း မှတဆင့် အပြင်ကို ကျွန်တော်တို့ ပြောရပါတယ် ။ အတွင်းမှာ တော့ အလွယ်တကူ ပြော ဆိုနိုင်တာ မှန်ပါတယ်။ တပ်ဆင်ကာစက

ထန်တလန်မြို့မှာ တယ်လီဖုန်း အလုံး (၈၀) သာရှိပါတယ်။ ဒီကနေ့ ထန် တလန်မြို့မှာ တပ်ဆင်ထားတဲ့ တယ်လီဖုန်းစုစုပေါင်း ၁၉၀ ထိ တိုးတက်လာခဲ့ပါတယ် ။ တယ်လီဖုန်း တိုးတက်လာတာ ဝမ်းသာစရာလည်းကောင်းပါတယ်။ အဝေးလိုင်းတွေ ကြ ပ်နေတာဆိုတာ သိပါတယ်။ ဒါကို ပြုပြင်ဆောင်ရွက်ပေးဖို့အတွက် ကိုယ်စားလှယ်တော်ကြီး မမေးခင်ကတည်းက ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လုပ်ငန်းဇယား အစီအစဉ်ထဲမှာပါရှိပြီးဖြစ်ပါတယ်။ ချင်းပြည်နယ်နဲ့ ပတ်သက်လို့ မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းဖွင့်ပေးပါမယ်။အော်တိုတယ်လီဖုန်းတွေ့ကဘဲနဲ့ တစ်ခါတည်း CDMA 450 MHz စနစ်ပါ တပ်ဆင်ထားဖို့အတွက် လည်း စီမံဆောင်ရွက် ပေးထားပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျန်တဲ့မြို့နယ်အတွက်လည်း ဆက်သွယ်မှု စနစ်တွေ ပိုမိုကောင်းမွန်လာဖို့ရန်အတွက် ဝန်ကြီးဌာနရဲ့ အ စီအမံအတွင်းမှာရှိပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်သာမက မြန်မာ နိုင်ငံတစ်နိုင်ငံလုံးမှာ တယ်လီဖုန်း ဆက်သွယ်မှုအဆင့်အတန်း မြင့်မြင့်မားမားနဲ့ အလွယ်တကူနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့အတွက် စီမံဆောင်ရွက်ထားရှိ ပါတယ်ဆိုတဲ့အကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု မေးခွန်း မေးမြန်းခြင်းကဏ္ဍပြီးပါပြီ။ အဲဒီတော့ အမျိုးသားလွှတ်တော်အစည်းအဝေးကို မိနစ် (၃၀) ရပ်နား ပြီးတော့ ၁၁း၃၀ နာရီမှာ ပြန်လည် ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပြီး ၁၁း၃၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်သို့ ကြွရောက်နေရာယူပါသည်။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးစတီဗင်သာဘိတ် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ လက်ရှိပညာရေးစနစ် ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့ တစ်ရပ်ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူ ခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆို ကဏ္ဍ စတင်တော့မှာ ဖြစ်ပါတယ် ။ ချင်းပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစတီဗင်သာဘိတ် က ပညာရေး နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်း လိုကြောင်း အမျိုးသားလွှတ်တော်သို့ပေးပို့ထားပါတယ်။ဦးစတီဗင်သာဘိတ် ကအဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးစတီဗင်သာဘိတ်ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဟာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော် ကိုယ်စား လှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ် ။ ကျွန်တော်ဟာ ပညာရေးကဏ္ဍကို ဆွေးနွေးနိုင်ရန်အတွက် အဆိုတစ်ရပ်တင်သွင်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင် ဗျား၊ ကျွန်တော်အဆိုတင်သွင်းထားသော စာအတိုင်း ဖတ်ခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ သို့ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်၊ အကြောင်းအရာ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံမူ အပိုဒ် ၂၈ (က)(ခ)

(ဂ)တွင် နိုင်ငံတော်သည် ပညာရေး၊ ကျန်းမာရေး တိုးတက်စေရေးအတွက် အလေးထား ဆောင်ရွက်မည်၊ လိုအပ်သည့် ဥပဒေများပြဋ္ဌာန်း ဆောင်ရွက်မည်၊ အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်ရမည်ဟု ဖော်ပြထား ပါသည်။ အဆို (၁) လက်ရှိ ပညာရေးစနစ်ကို သုံးသပ်ရာ၌ မူလတန်းကျောင်းဆောင်၍ တက်ရောက်ကတည်းက အခကြေးငွေဖြင့် သင်ကြားပေးနေ သော ပြင်ပကျူရှင်တွင် သင်ကြား နိုင်သော သားသမီးများသာ သူတို့ ဘဝမျှော်လင့်ချက် အခွင့် အလမ်းရှိပြီးပြင်ပကျူရှင် ကျောင်းတက်ရောက်နိုင်သော အခြေခံလူတန်းစားဖြစ်သည့် အလုပ်သမား လယ်သမားနှင့် ဆင်းရဲနွမ်းပါးသူများ၏ သားသမီး များအား သူ့တို့ဘဝအတွက် မျှော်လင့်ချက် ကင်းမဲ့နေသလို ဖြစ်နေကြောင်း တွေ့ရပါသည်။ထို့အပြင် အထက်တန်း ပညာရေး အဆင့်တွင် နိုင်ငံတကာတက္ကသိုလ် ပညာရေးစနစ်နှင့် ချိတ် ဆက်နိုင်သော စာမေးပွဲစနစ် ပါဝင်သည့်စနစ်ကို အစိုးရနှင့်ပုဂ္ဂလိက နှစ်ဦးစလုံးပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သော မူဝါဒများရရှိရေး အတွက် လိုအပ်မည်ဟု သုံးသပ်ရပါသည်။ သို့ပါ၍ ပညာရေးစနစ်ကို ကျွမ်းကျင် ပညာရှင်အဖွဲ့၊ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့ တစ်ခုဖွဲ့စည်းပြီး ပြန်လည် သုံးသပ်ရန် အဆိုတစ်ရပ်တင်သွင်းအပ်ပါသည်။ ယခုလို အဆိုတင်သွင်းခြင်းသည် ပြည် သူလူထု၏ ပညာရေး ပိုမို၍ကောင်းမွန်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက် အကူဖြစ်မည်ဟု ယုံကြည် ပါသဖြင့် တင်ပြရခြင်းဖြစ်ပါသည် ။ ကျေးဇူးတင်ပါတယ် ။

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်သူရှိပါသလား။

**အချိန်၊ ၁၁း၄၀။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)။** ။ လေးစား အပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်ဟာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ပါ ၊ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် အဆိုကို ထောက်ခံပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ် ။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစတီဗင်သာဘိတ် တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေး ရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရ ယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှ ယ် မရှိတဲ့အတွက် ဦးစတီဗင်သာဘိတ် အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစတီဗင်သာဘိတ် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါကဒီကနေ့ညနေပိုင်းမှာလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။ အဆိုကိုဆွေးနွေးလိုတဲ့ပုဂ္ဂိုလ်များဟာ(၃)ရက်ကြိုတင် စာရင်းပေးဖို့ ဖြစ်သော်လည်း ယခုပထမအကြိမ်အစည်းအဝေးမှာ အခွင့်အရေးပေးတဲ့ အနေနဲ့ မနက်ဖြန်မှာ ဆွေးနွေးမှာဖြစ်ပါတယ် ။

## ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) ၏ ချင်းပြည်နယ်၏ ပြည်နယ်မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်းဖွင့်လှစ်ပေးနိုင်ပါရန်အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်ကပညာရေးနှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ပေးပို့ထားပါတယ်။

ဦးပေါ်လျှံလွင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ကျွန်တော်မေးခွန်းအဆို နံပါတ်(၈)ဖြစ်တယ်လို့ ထင်ပါတယ်။ ယနေ့အစီအစဉ်မှာ ၉ရက်နေ့ အစီအစဉ်ဖြစ်တဲ့ အတွက် အစီအစ ဉ်နံပါတ်(၉) ပညာရေးနှင့် ပတ်သက်တဲ့ အစီအစဉ်မှာမတွေ့ရှိတဲ့အတွက်ခွင့်လွှတ်ပါရန်တောင်းပန်ပါတယ်။နံပါတ်(၁၂) ကျောင်းသားများ ဆရာဝန်များဆိုတဲ့ အဲဒါလည်းပါတယ် နှစ်ခုပဲပါတယ် ။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် အမှတ်စဉ် (၉)ကိုဘဲဆွေးနွေးဖို့ဖြစ်ပါတယ်။ပညာရေးနှင့်ပတ်သက်လို့ တစ်ပေါင်းတည်း စုပေါင်းစီစဉ်ထားတာဖြစ်ပါတယ်။ ဒီမှာ အတိုကောက်ပြော

လို့လဲရ ပါတယ်။ချင်းပြည်နယ်ရဲ့ ပြည်နယ်မြို့တော် ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်း ဖွင့်လှစ်ပေး နိုင်ပါရန် မေးခွန်းအတိုင်းပြောလို့ရပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ဒေသအသီးသီးမှရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော်ရဲ့ အဆိုကို ဆွေးနွေး ပါမယ် ။ ကျွန်တော်ရဲ့ အဆိုကို ဆွေးနွေးခွင့်ပြုသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကိုလည်း အထူး ကျေးဇူးတင်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက လည်း ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေကို စေတနာဖြင့် မှတ်စု ၊ မှတ်ရာများ အမျိုးမျိုးရှာဖွေ ပေးကမ်းတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ဟာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင်ဖြစ်ပါတယ် ။ ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြမယ့် အဆိုဟာ ချင်းပြည်နယ်ဒေသမှာ ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိရှိပြီး ဖြစ်တဲ့အတိုင်း လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင်အောင် ကောလိပ်ကျောင်း တစ်ကျောင်းမှ မရှိသေးပါ။ ဒါကြောင့်မို့လို့ ကောလိပ်ကျောင်းကို တစ်နေရာ ရာတွင်ထားရှိပေးပါရန် ပထမအဆို တင်သွင်းပါတယ်။ ပထမအဆိုကို တင်သွင်းတဲ့အခါမှာ လွှတ်တော် ဥက္ကဋ္ဌရဲ့ မှတ်ချက်အရ အမျိုးသားလွှတ်တော်အဆိုတွင် အချက်အလက်ပြည့်စုံစွာ ပြန်လည် တင်ပြပါရန်ဆိုတဲ့မှတ်ချက်နဲ့ ကျွန်တော့်ဆီကို စာပြန်ရောက်လာတဲ့အတွက် ချင်းပြည်နယ် ဟားခါးမြို့ကို ကောလိပ်ကျောင်းထား ပေးပါရန် တက္ကသိုလ်အဆင့် မဟုတ်တောင်မှ အနီးစပ်ဆုံး အခြေအနေကို ရေးသားတင်ပြ ပါတယ်။ အဲဒီအဆိုကို ကျွန်တော်တင် ပြတဲ့ အတိုင်း ကျွန်တော် ဖတ်ပြပါမယ် ။ ချင်းပြည်နယ်တွင် ကောလိပ်ကျောင်းထား ရှိပေးပါက ပြည်နယ် မြို့တော်ဖြစ်သော ဟားခါးမြို့ တွင်ထားရှိပေး ပါရန် အဆိုပြုအပ်ပါသည်။အကြောင်းမှာ ဟားခါးမြို့အပါအဝင် ပတ်ဝန်းကျင်၌ ရှိသော ဖလမ်းမြို့၊ ထန်တလန်မြို့နှင့် မတူပီမြို့နယ်တို့၌ လူဦး(ရေ)(နှစ်သိန်း) ခန့် ရှိပါသည်။ အထက်တန်း ကျောင်းများ (၁၈)ကျောင်းရှိပါသည် (တွဲဖက် အထက်တန်းကျောင်းများမပါ)။ ခန့်မှန်းကျောင်းသား ဦးရေ (၁၀၀၀၀) ခန့် ရှိပါ သည်။ ဟားခါးမှ အလှမ်းဝေးသော မြို့များဖြစ်သည့် တွန်းဇံ၊ တီးတိန် မင်းတပ်၊ ကန်ပက်လက် နှင့် ပလက်ဝမြို့များ မပါပါ။ နှစ်စဉ် နှစ်တိုင်း ကလေးမြို့၊ မုံရွာ- ပခုက္ကူ

တက္ကသိုလ်များသို့ တက်ရောက်လျက်ရှိသော ချင်း ကျောင်းသား /သူ ဦးရေမှာ (၇၀၀)ခန့် ရှိပါသည်။ ငွေရေး ကြေးရေး မတတ်နိုင်သောကြောင့် မြို့ပေါ်ရှိ တက္ကသိုလ်များသို့ မတက်ရောက်နိုင်သူ ကျောင်းသား / သူများလည်း ရှိပါသည်။ ယခုအခါ ဟားခါးမြို့ပေါ်တွင် စက်မှုလက်မှုသိပ္ပံကျောင်းရှိ၍ ကျောင်းသား/သူ (၂၀၀)ခန့် ရှိပါသည်။အခြား ပြည်နယ်များ၌ တက္ကသိုလ်ကျောင်း အသီးသီးရှိသော်လည်း ချင်း ပြည်နယ် တစ်ခုတည်းသာ မရှိသေး ပါသောကြောင့် ပြည်နယ်အစိုးရပ်နှင့် ပြည့်စုံစေရန်အလို့ငှာ အထူးစဉ်းစားပေးပါရန် လေးစားစွာဖြင့်အဆို ပြုအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ** ။ ။ အဆိုကိုထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ် ။

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါသလား။

**အချိန်၊ ၁၁း၅၀။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းတဲ့အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) မှ ကျွန်တော် ဦးပေါလ်ထန်ထိုင်းမှ ထောက်ခံပါတယ် ။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးပေါ်လျှံလွင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွ က် ဦးပေါ်လျှံလွင်ရဲ့အဆိုကိုလက်ခံဆွေးနွေးရန်လွှတ်တော်ကသဘောတူကြောင်းကြေညာပါတယ်။(သြဘာသံများ)

ဦးပေါ်လျှံလွင်တင်သွင်းတဲ့အဆိုကိုဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ် များ ရှိပါက ဒီကနေ့ ညနေပိုင်းမှာ လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း

ပေးပို့ကြဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌအနေနဲ့ ညွှန်ကြားဖို့ရှိပါတယ် ။ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ မေးခွန်းများ၊ အဆိုများနဲ့ ပတ်သက်ပြီးတော့ ရက်စွဲ အလိုက်လျာထားတဲ့ အစီအစဉ်တွေကို နှစ်ရက်ကြိုတင်၍ အသိပေးဖို့ ညွှန်ကြားထားပါတယ် ။ ဒါမှ သာမေးမြန်းမယ့် ပုဂ္ဂိုလ်များ ၊ ထောက်ခံ မယ့် ပုဂ္ဂိုလ်များ ကြိုတင် ပြင်ဆင်ဖို့ အချိန်ရမှာ ဖြစ်သလိုဖြေကြားမယ့်ပုဂ္ဂိုလ်များ၊ ချေပမယ့်ပုဂ္ဂိုလ်များ ပြင်ဆင်ဖို့အချိန်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ဒီလိုကြိုတင်မရလို့ရှိရင်တင်ပြနိုင်ပါတယ်။ သက်ဆိုင်ရာပါတီအလိုက် ခေါင်းဆောင်များက တဆင့်တောင်းခံနိုင်ကြောင်း ပြောကြားလိုပါတယ် ။

## ဦးစတီဗင်သာဘိတ် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ ကျန်းမာရေး ကဏ္ဍတွင် ကျန်းမာရေး စောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့ တစ်ခုဖွဲ့ စည်းပြီးအကောင်းဆုံးနည်းလမ်းချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်က ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးစတီဗင်သာဘိတ် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဦးစတီဗင်သာဘိတ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်ဖြစ်ပါတယ် ။ ကျွန်တော် ဟာ ကျန်းမာရေးကဏ္ဍကို ဆွေး နွေးနိုင်ရန်အတွက် အဆိုတစ်ရပ်တင်သွင်းဖို့ဖြစ်ပါတယ် ။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော် အဆိုတင်သွင်းထားသော စာအတိုင်း ဖတ်ခွင့် ပြုပါရန် တင်ပြအပ်ပါတယ် ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ် ။

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ သို့ ဥက္ကဋ္ဌ ၊ အမျိုးသားလွှတ်တော် ၊ အကြောင်းအရာ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူ အပိုဒ် ၂၈ (က)(ခ)(ဂ)တွင် နိုင်ငံတော်သည် ပညာရေး၊ကျန်းမာရေးဖွံ့ဖြိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည် ။ လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည် ။ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်ဟု ဖော်ပြထားပါသည် ။ အထူး(သဖြင့်) ကျန်းမာရေးကဏ္ဍတွင် အခြေခံလူတန်းစားဖြစ်သော အလုပ်သမား၊ လယ်သမားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုအားနည်းနေသဖြင့် မြို့ပေါ်ဆေးရုံ၊ ဆေးခန်းများသို့ ဆေးကု သရန် ဆန္ဒရှိသော်လည်း ကုန်ကျစရိတ် မတတ်နိုင်လို့ မဖြစ်သင့်မဖြစ်ထိုက်သော ပြဿနာနှင့် သူတို့ ဘဝဆုံးရှုံးမှုအထိ ကြုံတွေ့နေရ တတ်သည်ကို ကြားသိရပါသည်။ သို့ပါ၍ ချမှတ်ထားသော မူဝါဒအား အတွေ့အကြုံရှိသော ပညာရှင်ဘုတ်အဖွဲ့ဖွဲ့စည်းပြီး ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အကော င်းဆုံး နည်းလမ်းချမှတ်ပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးရန် အဆိုတစ်ရပ် တင်သွင်းအပ်ပါသည်။ ယခုလို အဆိုတင်သွင်းခြင်းသည် ပြည်သူလူထု၏ကျန်းမာရေးပိုမို၍ကောင်းမွန်ပြီးတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြုမည်ဟု ယုံကြည်ပါသဖြင့် တင်ပြခြင်းဖြစ်ပါတယ် ။ ကျေးဇူးတင်ပါတယ် ။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါ က ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၄**။

**ဦးဂမ်ဆိုင်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦး ဂမ်ဆိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှဦးစတီဗင်သာဘိတ်ရဲ့အဆိုဖြစ်သော ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အားနည်းနေသေး ပါသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များနှင့် ဘုတ်အဖွဲ့တစ်ခုကိုဖွဲ့စည်းပြီးတော့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အကောင်း ဆုံး နည်းစနစ်ကိုချမှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်အဆိုကို ကျွန်တော့် အနေနဲ့ထောက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစတီဗင်သာဘိတ် တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစတီဗင်သာဘိတ်ရဲ့ အဆိုကိုလက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးစတီဗင်သာဘိတ်တင်သွင်းတဲ့အဆိုကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များ ရှိပါက ဒီကနေ့ညနေပိုင်းမှာ လွှတ်တော်ရုံး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသား ဆရာဝန်များအား ဆမ အမြန်ချထားပေးပါရန်နှင့်ချင်းပြည်နယ်တွင် ဆရာဝန်များ လိုသောဒေသများသို့ စေလွှတ်ပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်း လိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါသည်။

ဦးပေါ်လျှံလွင် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ် ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်မှာဆေးရုံအသီးသီး၌ တာဝန်ထမ်းဆောင်နေ ကြသော ဆရာဝန်များဟာ မလုံ မလောက် ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ချင်းပြည်နယ်၊ ချင်းအမျိုးသားဆရာဝန်များထဲမှ ကျောင်းဆင်းပြီးဆရာဝန်များထဲမှ ဆမ ရပြီးသောသူ ၊ မရသေးသောသူများရှိနေပါတယ်။ ဒါကြောင့်

မို့လို့ ဆရာဝန်လောင်းများကို ဆမများ အမြန်ချပေးပါရန် နှင့် အမြန်ခ န့်ပေးပြီး လိုအပ်သောဒေသများသို့ ဆရာဝန်များ စေလွှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ ဆေးရုံ တော်တော်များများမှာ ဆရာဝန်များ မလုံ လောက်တာကိုတွေ့ရှိရတဲ့အတွက် တင်ပြခြင်း ဖြစ်ပါတယ်။ တစ်ရွာလုံးမှာဆိုရင် ဆရာဝန်တစ်ယောက်မှ မရှိဘူး။ ကန်ပက်လက်မြို့မှာ ဆိုရင် သုံးယောက်အစားရှိတဲ့နေရာမှာတစ်ယောက်ပဲရှိတယ်။ မတူပီမြို့မှာဆိုရင်ထိုနည်းအတိုင်းပဲ ဆရာဝန်တစ်ယောက်ပဲရှိတယ်၊ စသဖြင့် ဆရာဝန်မလုံမလောက်ရှိသဖြင့် ဒေသခံလူများကို စေလွှတ်ပေးနိုင်ပါက ပိုမိုပြီးတော့ အဆင်ပြေမယ်လို့ ယူဆပြီးတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။အဆိုကို ထောက်ခံမယ့် သူရှိပါက ဆက်လက်ဆောင်ရွက် ရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဒေါက်တာဗညားအောင်မိုးမွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးပေါ်လျှံလွင်တင်ပြသော ကျန်းမာရေးကဏ္ဍအရ ချင်းပြည်နယ်မှာ အထူးလိုအပ်နေတဲ့ ဆရာဝန်များ ပြည့်ဝလာအောင် ဆောင်ရွက်ဖို့ အတွက် ဒီအဆိုကို ကျွန်တော် ဒေါက်တာဗညားအောင်မိုး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ထောက်ခံပါတယ်။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးပေါ်လျှံလွင်တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦး ပေါ်လျှံလွင် အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးပေါ်လျှံလွင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဒီကနေ့ညနေပိုင်းမှာ လွှတ်တော်ရုံး ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**၊ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျားကျွန်တော်တို့ဒီမှာဆက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ ကျွန်တော်အပါအဝင် ပါလီမန်ဒီမိုကရေစီစနစ်ရဲ့ အတွေ့အကြုံမရှိတဲ့အတွက် ကျွန်တော် တို့အနေနဲ့ ခုနလို စိတ်ရှည်သည်းခံ စောင့်ဆိုင်းပြီးတော့ ဆောင်ရွက်ပေးရန် ဖြစ်ပါတယ် ။ အဆိုတင်သွင်းတဲ့နေရာမှာ ထောက်ခံသူ လိုအပ်ပါတယ် ။ ဒါကို ပြည်ထောင်စုလွှတ်တော်မှာ ရှ င်းပြခဲ့ပြီးဖြစ်တယ်။ ထောက်ခံမယ့် သူကို ကြိုတင်ညှိနှိုင်းထားဖို့ လိုပါတယ်။ အကယ်၍ ညှိနှို င်းထားချက်မရှိခဲ့သော် အကြောင်း အမျိုးမျိုးကြောင့် အရေးကြီးတဲ့ အဆိုတစ်ရပ် တင်သွင်းဖို့မရှိခဲ့သော် ကျန်တဲ့ပုဂ္ဂိုလ်များက အကြောင်းအရာကို မူတည်ပြီးတော့ ထောက်ခံသင့်တဲ့ကိစ္စကို မနှေးပဲ ထောက်ခံလိုက်ဖို့လိုပါတယ် ။

ဒီကနေ့ အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားမှာ ဖြစ်ပါတယ်။ယခုကျွန်တော်တို့လုပ်မယ့်အစီအစဥ်တွေကို အနည်းအကျဥ်း ရှင်းပြမှာဖြစ်ပါတယ် ။ ဒီနေ့ တင်သွင်းခွင့်ပြုတဲ့ ၊ ဆွေးနွေးခွင့်ပြုတဲ့ အဆိုတွေကို နောက်တစ် နေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ် ။အစည်းအဝေးရဲ့ ပထမဆုံး တစ်နာရီတိုင်းတွင် မေးခွန်း ကဏ္ဍဖြစ်ပါတယ် ။ မေးခွန်းကဏ္ဍပြီးတဲ့အခါမှာ Tea Break အနေနဲ့ လ္ဘက်ရည်သောက်ဖို့မိနစ်(၃၀)ရပ်နားမှာဖြစ်ပါတယ် ။ ပြီးရင် ၁၁ နာရီခွဲမှာ ကျွန်တော်တို့ ပြန်စမှာဖြစ်ပြီး အဆိုကဏ္ဍ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နေ့က ဆွေးနွေးခွင့် ပြုထားတဲ့အဆိုတွေ ဆွေးနွေး ရမှာ ဖြစ်ပါတယ်။ ပြီးလို့ရှိ ရင်တော့ အဆိုသစ်တွေတင်သွင်းဖို့အတွက် ခွင့်ပြုပေးမှာဖြစ်ပါတယ်။ ဒီနေ့လိုပဲအဆိုသစ်တွေ တင်သွင်းမယ်။ ဒီအဆိုတွေကို လက်ခံဆွေးနွေးရန် သင့် မသင့် ဆုံးဖြတ်ပါမယ်။ နောက်တစ်နေ့မှာ ဒီနေ့တင်သွင်းတဲ့အဆိုတွေကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ချေ ပမှာဖြစ်ပါတယ်။ ဒီလိုချေပတဲ့အခါမှာ အစိုးရအဖွဲ့က ဆောင်ရွက်နေဆဲဖြစ်သော ဆက်လက်လည်း ဆောင်ရွက်မှာဖြစ်သော လက်ခံနိုင်ဖွယ်လည်းရှိသော အဆိုများနဲ့ပတ်သက်လို့ ရှိရင်ချေပခြင်းမပြုဘဲ အတည်ပြုဖို့ပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်များ၏ အတည်ပြုချက်နဲ့ အဆိုအတည်ဖြစ်မှာဖြစ်ပါတယ်။အဆိုအတည်ဖြစ်ဖို့မသင့်လျော်တဲ့ကိစ္စတွေဆိုရင် ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်က ဆွေးနွေးပြီးတော့ ချေပမှာဖြစ်ပါတယ်။ ချေပပြီးတော့မှ ဒီ အဆိုကို

တော့ရုပ်သိမ်းပေးဖို့ မေတ္တာရပ်ခံမှာဖြစ်ပါတယ်။ မေတ္တာရပ်ခံတဲ့အခါမှာလည်း ကျိုးကြောင်းဆီလျော်တဲ့အခါမှာ လွှတ်တော်ကိုယ်စား လှယ်များအနေနဲ့ ရုပ်သိမ်းဖို့ဖြစ်ပါတယ်။ အကယ်၍ရုပ်သိမ်းနိုင်ခြင်း မရှိဘူးဆိုရင်မဲခွဲပြီးတော့ လွှတ်တော်ရဲ့သဘောထားကိုရယူမှာ ဖြစ်ပါတယ် ဒါလေးတွေ ရှင်းပြပြီးသား ဖြစ်ပေမယ့်လည်း ဒီနေ့ထပ်မံပြီးတော့ရှင်းပြခြင်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်အားလုံး အဆင်ပြေအောင် ကျွန်တော်တို့ စိတ်ရှည်သည်း ခံစွာနဲ့ အပေးအယူ မျှတစွာ ဖြင့်ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်အစည်းအဝေးဆဋ္ဌမနေ့ရပ်နားခြင်းနှင့် အစည်းအဝေး သတ္တမနေ့ကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း

**အချိန်။ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ကိုရပ်နားပါမယ်။ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို ၂၀၁၁ ခုနှစ် မတ်လ ၁၀ ရက် (ကြာသပတေးနေ့) ၁၀း၀၀ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ် ။( သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ အစည်းအဝေးကို၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]